ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ဘရပ်ဆဲလ်မြို့

**မြန်မာနိုင်ငံပြင်ပတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ**
**ကြိုတင်ဆန္ဒမဲ ပေးနိုင်ရန်အတွက် ကြေညာခြင်း**

**(၂၀၁၈ခုနှစ်၊ ဇွန်လ ၅ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွှတ်တော်အသီးသီး၌ လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက် (စနေနေ့)တွင် ကျင်းပပြုလုပ်သွားရန်ရှိပါသည်။

၂။ လွှတ်တော်ကိုယ်စားလှယ်နေရာ လစ်လပ်သည့် မဲဆန္ဒနယ်များဆိုင်ရာ ကြေညာချက်အား ပူးတွဲ “က” ဖြင့် ဖော်ပြအပ်ပါသည်။

၃။ ဘယ်လ်ဂျီယံနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ လူဇင်းဘတ်နိုင်ငံနှင့် ခရိုအေးရှားနိုင်ငံ တို့၌ သက်တမ်းရှိ မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်၍ တရားဝင်နေထိုင်ကြသော အသက်(၁၈) နှစ် ပြည့်ပြီးသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများအနေဖြင့် ကြိုတင်ဆန္ဒမဲ ပေးနိုင်ပါသည်။ ကြိုတင် ဆန္ဒမဲ ပေးရန်အတွက် ပုံစံ (၁၅)များကို ဖြည့်စွက်ပေးပို့ရန် လိုအပ်ပါသည်။

၄။ ပုံစံ(၁၅)များကို မြန်မာသံရုံး Website မှသော်လည်းကောင်း၊ ရွေးကောက်ပွဲ ကော်မရှင်၏ Website လိပ်စာ www.uecmyanmar.org မှသော်လည်းကောင်း ရယူနိုင်ပါသည်။

၅။ အဆိုပါ ပုံစံ (၁၅)များကို ဖြည့်စွက်ရာ၌ တောင်းဆိုသူ၏အမည်၊ တိုင်းရင်းသားလူမျိုး၊ မှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ် (အသက်)၊ အဘအမည်၊ အမိအမည်၊ တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ (မြန်မာဘာသာဖြင့်) တောင်းဆိုသူ လက်ရှိရောက်ရှိနေသည့် နေရပ်လိပ်စာ (အင်္ဂလိပ်ဘာသာဖြင့်) မှန်ကန် ပြည့်စုံ ရှင်းလင်းစွာ ဖြည့်စွက်၍ မြန်မာသံရုံးသို့ ပေးပို့နိုင်ပါသည်။

၆။ ဖြည့်စွက်ပြီး ပုံစံ(၁၅)များကို မြန်မာသံရုံးသို့ ပေးပို့ရာတွင် ဆန္ဒမဲပေးသူ၏ မြန်မာနိုင်ငံကူးလက်မှတ်(မိတ္တူ)၊ ဆက်သွယ်နိုင်မည့် တယ်လီဖုန်းနံပါတ်၊ အီးမေးလ် လိပ်စာများကိုလည်း ထည့်သွင်း ပေးပို့ပေးပါရန်နှင့် ပေးပို့ရာတွင် visa@embassyofmyanmar.be မှ သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း၊ လူကိုယ်တိုင်သော်လည်းကောင်း **၂၅-၆-၂၀၁၈ ရက်ထက် နောက်မကျစေဘဲ** ပေးပို့ပေးနိုင်ပါရန် မေတ္တာရပ်ခံ အကြောင်းကြားအပ်ပါသည်။

မြန်မာသံရုံး၊ ဘရပ်ဆဲလ်မြို့

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
063
BRUSSELS

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၆၀ / ၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်

(၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်)

## လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်လစ်လပ်နေသော မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပမည့်နေ့ရက်သတ်မှတ်ကြေညာခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ ပုဒ်မ ၁၀ ပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၃၄(ဂ)နှင့် နည်းဥပဒေ ၁၆(က)တို့အရ ၁၃၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက် (၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်) စနေနေ့တွင် လွှတ်တော်ကိုယ်စားလှယ်နေရာလစ်လပ်နေသည့် အောက်ပါ မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သတ်မှတ်ကြေညာလိုက်သည်-

| လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| (၁) ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက် |
| (၂) လဲချားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လဲချား |
| (၃) တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တာမွေ |
| (၄) မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြင်းခြံ |

| လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| ကချင်ပြည်နယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) | မြစ်ကြီးနား |

| လစ်လပ်တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ | အကျုံးဝင်သောမြို့နယ်များ |
|---|---|
| (၁) မတူပီမြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | မတူပီ |
| (၂) တမူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | တမူး |
| (၃) အုတ်တွင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | အုတ်တွင်း |
| (၄) သပိတ်ကျင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) | သပိတ်ကျင်း |
| (၅) ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) | ရသေ့တောင် |


MOFA | MMRS v1.0.0 | Printed By : ON 31/05/2018 20:48:01

(၆) မင်းဘူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) — မင်းဘူး

(၇) ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ် (၂) — ဆိပ်ကမ်း

(၈) မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် — မန္တလေး တိုင်းဒေသကြီး တစ်ခုလုံး ( ပြည်ထောင်စု နယ်မြေမှအပ)

( လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၂ / ရကပ( ၅ )/ကမရ
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ မေလ ၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ပညာရေးဝန်ကြီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံး
တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်ရုံးအားလုံး
တိုင်းဒေသကြီး နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအားလုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
ညွှန်ကြားရေးမှူးချုပ် ⎫ မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန်နှင့်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန ⎭ စောင်ရေ(၁၀)စောင်ကိုပေးပို့ပါရန်မေတ္တာရပ်ခံအပ်ပါသည်။

အမိန့်အရ

(လက်မှတ်) ၈. ၅. ၂၀၁၈

( ခင်မောင်ဦး )
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

မိတ္တူကို
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
- ဥက္ကဋ္ဌရုံး
- ဌာန/ ဌာနခွဲအားလုံး
- လက်ခံစာတွဲ
- မျှောစာတွဲ


MOFA | MMRS v1.0.0 | Printed By :  ON 31/05/2018 20:48:01

ပူးတွဲ (၈)

ပုံစံ (၁၅)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

--------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ------------------------------- သည် ------------------------------ ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည် ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအားကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြ တောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ---------------------------------------------

(၂) တိုင်းရင်းသားလူမျိုး ---------------------------------------------

(၃) မှတ်ပုံတင်အမှတ် ---------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ---------------------------------------------

(၅) အဘအမည် ---------------------------------------------

(၆) အမိအမည် ---------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ်(                    )
-------------- လမ်း/ကျေးရွာ --------------- ရပ်ကွက်/ကျေးရွာအုပ်စု၊
----------------မြို့နယ်၊ ------------------- တိုင်းဒေသကြီး/ပြည်နယ်

(၈) **တောင်းဆိုသူ ယခုရောက်ရှိနေသည့် ----------------------------------
နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) ----------------------------------
ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏ လက်မှတ်

ရက်စွဲ၊ -------------------------

* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ် အတွင်း ဖြစ်ရမည်။

** ပြည်တွင်းတွင် ရောက်ရှိနေသည့် မြို့နယ်အမည် ဖော်ပြရန်။
ပြည်ပတွင် ရောက်ရှိနေသည့် နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ(သို့) အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်။



MOFA | MMRS v1.0.0 | Printed By : ON 31/05/2018 20:48:01